السنّة النبوية وعلومها
www.sunnah.global

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်ချီးမြှင့်တော်မူထားသည့် နိအ်မသ်တော်များ ဆုံးရှုံးကွယ်ပျောက်ခြင်း၊ အရှင်မြတ်ချီးမြှင့်တော်မူထားသည့် ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှု ပြောင်းလဲသွားခြင်း၊ အရှင်မြတ်၏ ရုတ်တရက် ဖမ်းဆီးအရေးယူဒဏ်ခတ်ခြင်းနှင့် အရှင်မြတ်၏ ခပ်သိမ်းကုန်သောအမျက်ဒါသမှ အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။

အဗ်ဒုလ္လာဟ်ဗင်န်အုမရ် (ရသ္ဒိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏ တောင်းဆုဒုအာများထဲမှ (ဤဒုအာ) လည်းပါဝင်သည်။ အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်ချီးမြှင့်တော်မူထားသည့် နိအ်မသ်တော်များ ဆုံးရှုံးကွယ်ပျောက်ခြင်း၊ အရှင်မြတ်ချီးမြှင့်တော်မူထားသည့် ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှု ပြောင်းလဲသွားခြင်း၊ အရှင်မြတ်၏ ရုတ်တရက် ဖမ်းဆီးအရေးယူဒဏ်ခတ်ခြင်းနှင့် အရှင်မြတ်၏ ခပ်သိမ်းကုန်သောအမျက်ဒါသမှ အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။

[رواه مسلم] [صحيح]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် လေးခုသော အရာမှ (အလ္လာဟ်အရှင်မြတ်ထံ) ခိုလှုံခွင့်တောင်းခံတော်မူခဲ့သည် - ပထမ- (اللهُمَّ إِنِّي أَعُوذُ بِكَ مِنْ زَوَالِ نِعْمَتِكَ) ဆိုလိုသည်မှာ - အို -အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ဒီန်သာသနာအရေးနှင့် လောကီဆိုင်ရာ အရှင်မြတ်ချီးမြှင့် တော်မူထားသည့် နိအ်မသ်ကျေးဇူးတော်များကို ဆုံးရှုံးရခြင်းမှ အရှင်မြတ်ထံ ခိုလှုံပါ၏။ ထို့ပြင် ကျွန်တော်မျိုး အစ္စလာမ်သာသနာအပေါ် ခိုင်မြဲစွာရပ်တည်နိုင်ရန်နှင့် နိအ်မသ်ကျေးဇူးတော်များကို ဆုံးရှုံးစေသည့် အပြစ်များကိုကျူးလွန်ခြင်းမှ ကင်းဝေးစေရန် အရှင်မြတ်ထံ ခိုလှုံပါ၏။ ဒုတိယ - (وَتَحَــــوُّلِ عَافِيَتِــــكَ) ဆိုလိုသည်မှာ - ထို့ပြင် အရှင်မြတ် ချီးမြှင့် တော်မူထားသောဖြစ်သော အာဖီယဟ် (ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှု) သည်ပြဿနာနှင့် စမ်းသပ်မှုများအဖြစ် ပြောင်းလဲသွားခြင်းမှ ခိုလှုံပါ၏။ ထို့ပြင် စဉ်ဆက်မပြတ် အာဖီယဟ် (ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှု)နှင့် နာကျင်မှုဒုက္ခများနှင့်ရောဂါဘယများမှ ကင်းဝေးရန် အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ တတိယ -(وَفُجَــــاءَةِ نِقْمَتِــــكَ) ဆိုလိုသည်မှာ - အရှင်မြတ်၏ ရုတ်တရက် ပြစ်ဒဏ်ခတ်မှု (ေဘားဒုက္ခ) မှ ခိုလှုံပါ၏။ အကြောင်းမှာ ပြစ်ဒဏ်နှင့် အရေးယူမှုသည် ရုတ်တရက်ကျရောက်လာပါက လူသားသည် သောင်ဗဟ်အမှားဝန်ချတောင်းပန်ခြင်းနှင့် မိမိကိုယ်ကို ပြုပြင်ခြင်းအတွက်

အချိန်မရနိုင်တော့ပေ။ ထို့ကြောင့် ထိုပြစ်ဒဏ်ချမှတ်ခံသူ၏ ဘေးဒုက္ခ သည် ပို၍ကြီးမားပြီး ပို၍ပြင်းထန်ပေသည်။ စတုတ္ထ - (وَجَمِيـــــعِ سَـــــخَطِكَ) ဆိုလိုသည်မှာ - အရှင်မြတ်အား အမျက်ဒေါသထွက်စေသည့် အရာတိုင်းမှ ခိုလှုံပါ၏။ အဘယ် ကြောင့်ဆိုသော် အရှင်မြတ် အမျက်ထွက်တော်မူသောသူသည် ဧကန်မုချ ပျက်စီးရှုံးနိမ့်သွားသောကြောင့် ဖြစ်သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် "အားလုံး " ဟူသော စကားလုံး ("ဂျမီအ် ") ကို အသုံးပြုခဲ့ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်စူးရှစေသော အကြောင်းရင်းအားလုံး - နှုတ်ထွက်စကားများ၊ ပြုမူလုပ်ဆောင်ချက်များနှင့် ယုံကြည်ချက်များ အားလုံး ခြုံငုံပါဝင်နိုင်စေရန်အတွက်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/5488